# သက္ကရာဇ် ၂၀၀၈ - အမျိုးသား ပြန်လည်သင့်မြတ်ရေး နှစ်

၂၀၀၈ ခုနှစ်သည် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှစ် ဖြစ်သည်ဟု နှစ် (၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြေညာချက်ထုတ်ပြန်ပြီး ဖော်ပြလိုက်သည်။ အလွန်ကောင်းသော ရည်မှန်းချက် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ပြည်သူတို့ အေးချမ်းသာယာရေးအတွက် အခြေခံအုတ်မြစ် ချပေးနိုင်ရန် မရှိမဖြစ် လိုအပ်သော အဆင့်တခုကို တက်လှမ်းလိုက်ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်မှစ၍ နှစ်ပေါင်း(၆၀)တိုင်တိုင် ကိုယ့်မင်းကိုယ့်ချင်းဘ၀ဖြင့် အမှန်ပင် လွတ်လပ်နေခဲ့သည်။ တိုင်းတပါးသားတို့ ၀င်ရောက် ကျူးကျော် ချယ်လှယ်စိုးမိုးခြင်း မရှိ။ တိုင်းပြည်ခေါင်းဆောင်များထဲတွင်  ဦးဆောင်နိုင်သော အရည်အချင်းနှင့် အမြော်အမြင် ကြီးမားသူများ ရှိနေခဲ့သည်။

လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းအစဉ်အလာကောင်းနှင့် လောလောလတ်လတ် ကိုယ်တိုင် ကြုံတွေ့လိုက်ရသဖြင့် နိုင်ငံသားအားလုံးတွင် တိုင်းပြည်ချစ်စိတ်များ၊ အမျိုး-ဘာသာ-သာသနာကို တိုးတက် ကောင်းစေလိုသောစိတ်များ၊ ထိန်းသိမ်း စောင့်ရှောက်လိုစိတ်များ အရှိန်အဟုန် ကောင်းနေခဲ့သည်။

ပါလီမန်ခေတ် အစိုးရ၏ ဦးဆောင်မှု၊ စီးပွားရေး လုပ်ငန်းများ စီမံခန့်ခွဲမှုနှင့် ပြည်သူတို့၏ အစိုးရအပေါ် ထောက်ခံ ယိုင်းပင်မှုများက အံ့သြဘနန်း လျှမ်းလျှမ်းတောက် ရှိနေခဲ့သည်။ ပြည်သူအများစုတို့၏ တူညီသောဆန္ဒဖြင့် အေးချမ်းသာယာ ပျော်ရွှင်စွာ နေထိုင်နိုင်ခွင့်များ အပြည့်အ၀ရှိနေခဲ့သည်။ တိုင်းပြည်တိုးတက်သည်ထက် တိုးတက်လာနေအောင် ဖန်တီးနိုင်ခွင့်များ ရှိနေခဲ့သည်။ ပြည်သူတို့၏ လူနေမှုအဆင့်အတန်းနှင့် အသက်-အိုးအိမ် -စည်းစိမ်တို့ကိုလည်း နိုင်ငံတော်မှ လုံခြုံမှု အတော်အတန် ပေးနိုင်ခဲ့သည်။

ပတ်၀န်းကျင် နိုင်ငံများ၊ အခြားကမ္ဘာ့နိုင်ငံများနှင့် ရင်ဘောင်တန်း၍ ခေတ်မီတိုးတက်အောင် ကြံဆောင်ကြိုးပမ်းနိုင်ခဲ့သည်။ ကမ္ဘာ့နိုင်ငံများကဆိုလျှင် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများကို တလေးတစား ဆက်ဆံအသိအမှတ်ပြု နေခဲ့ရသည်အထိ အတင့်အတန်း မြင့်မားခဲ့ရသည်။

သို့သော် ထိုထိုသော တန်ဖိုးများ၊ အကျိုးသက်ရောက်မှုများနှင့် အခွင့်အရေးများမှာ အပြည့်အ၀ ရသင့်ပါလျက်နှင့် မရနိုင်ပဲ ဆုံးရှုံးနေခဲ့ရသည်ကို မကွယ်မ၀ှက် ၀န်ခံကြရပေလိမ့်မည်။ အဓိကကျသော အကြောင်းရင်းနှစ်ရပ်ရှိသည်။ ပထမအကြောင်းရင်းမှာ လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်း ယနေ့တိုင် ဖြစ်ပွားနေသော ပြည်တွင်းစစ်ကြောင့်ဖြစ်ပြီး နောက်ထပ် အကြောင်းရင်းမှာ ၁၉၆၂ ခုနှစ်မှ စတင်လိုက်သော တဦး-တဖွဲ့-တပါတီ အာဏာရှင်စနစ်ကြောင့် ဖြစ်သည်။

အကယ်၍ ပြည်တွင်းစစ်သာ မဖြစ်ခဲ့သော်၊ အာဏာရှင်စနစ်သာ မရှိခဲ့သော် ယနေ့မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပျက်နေသော အနိဋ္ဌာရုံများ ရှိနေမည်မဟုတ်။ ဤအချက်ကို လက်ရှိကာလ၌ နစ်နာဆုံးရှုံးနေသူတိုင်းက လက်ခံနိုင်ကြပါလိမ့်မည်။ သို့သော် နစ်နာဆုံးရှုံးခြင်း မရှိသူများကတော့ ဖွတ်အတင်း ငြင်းနေကြမည်မှာ သေချာသည်။

အကြောင်းကြောင့် အကျိုးဖြစ်ရမြဲ ဖြစ်သည်။ ဆိုးသော အကြောင်းရင်းခံကြောင့်သာ ဆိုးကျိုးများ ထွက်ပေါ်လာရသည်။ ဆိုးကျိုးများကို မြင်တွေ့နေပါလျက်၊ ကြုံကြိုက်နေပါလျက် မမြင်ချင်ယောင် ဆောင်၍မရ။ တိုင်းပြည်အရေး၊ နိုင်ငံ့အရေး ဖြစ်သဖြင့် ထိုဆိုးကျိုးများက မိမိထံ တနေ့နေ့ ရောက်လာပေလိမ့်မည်။ ခန္ဓာကိုယ်ထဲ ၀င်ရောက်လာသည့် ရောဂါပိုးကို အချိန်မီ ကာကွယ်ကုသခြင်း မရှိလျှင် ရောဂါပိုးပြန့်ပွား၍ အသက်ဆုံးရှုံးရသည်အထိ ထိခိုက်နိုင်သော ဥပမာကဲ့သို့ ဖြစ်သည်။

တိုင်းပြည် လွတ်လပ်ရေး ရလာသည် ဆိုခြင်းကို မိမိတကိုယ်ရည် စိတ်ထင်တိုင်း လုပ်ပိုင်ခွင့်များ ရလာခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ကောက် လွဲ၍မဖြစ်။ တိုင်းတပါးသားတို့၏ ၀င်ရောက်ကျူးကျော် ချယ်လှယ်စိုးမိုးခြင်းမှ ကင်းလွတ်လျက် ပြည်သူတရပ်လုံး မတရားဖိနှိပ် အုပ်ချုပ်ခံရမှုမှ လွတ်မြောက်ခြင်း၊ ထိုသို့သော မတရားဖိနှိပ်အုပ်ချုပ်မှုများကြောင့်  နိုင်ငံရေး-စီးပွားရေး-လူမှုရေး-ကျန်းမာရေး-ပညာရေး-ဘာသာရေး  အစရှိသည်တို့တွင် ပြည်သူတရပ်လုံး ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ခြင်းများ လက်တွေ့ကျကျ ပါ၀င်နေမှသာ လွတ်လပ်ရေး၏ အဓိပ္ပာယ်နှင့် ပြည့်စုံသည်။

သို့ဖြစ်၍ လွတ်လပ်ရေး ရသည်နှင့်တပြိုင်နက် လွတ်လပ်ရေး၏အဓိပ္ပာယ်နှင့် ပြည့်စုံအောင် ဖန်တီးရန်၊ တဦးချင်းဖြစ်စေ၊ အများနှင့် လက်တွဲပူးပေါင်း၍ဖြစ်စေ ကြိုးပမ်းရန် လူတိုင်း၌ တာဝန်ရှိလာသည်။ အများသူငါ သွားလာသည့်လမ်းပေါ်တွင် တေပေလေလွင့်နေသူတို့မှအစ တိုင်းပြည်ခေါင်းဆောင်များအဆုံး တဦးမကျန် တာဝန်ရှိသည်။ မိမိကြောင့် အများသူငါ၏ အခြေခံ လွတ်လပ်ခွင့်များ ဆုံးရှုံးရသော် တိုင်းပြည် လွတ်လပ်ရေးကို ထိခိုက်သည်ဟု စိတ်ထားမြင့်မြတ်စွာဖြင့် သဘောထားနိုင်ရန် လိုသည်။ နိုင်ငံကြီးသား ပီသသောစိတ်မျိုး ထားရန်လိုအပ်သည်။

လွတ်လပ်ရေး၏ အဓိပ္ပာယ်နှင့် ပြည့်စုံခြင်း မရှိသရွေ့ လွတ်လပ်သည်ဟု မဆိုနိုင်။ မလွတ်လပ်သရွေ့ လွတ်လပ်ရန် တနည်းအားဖြင့် ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ရန် ကြိုးပမ်းအားထုတ်မှုများ ရှိနေဦးမည်။ မည်သူမျှ မည်သို့မျှ တားဆီးနိုင်မည် မဟုတ်ပေ။

ယခုအချိန် မြန်မာနိုင်ငံမှာ လွတ်လပ်ရေး ရနေသည် ဆိုခြင်းမှာလည်း အမှန်စင်စစ် နယ်ချဲ့အင်္ဂလိပ်နှင့် ဖက်ဆစ်ဂျပန်တို့ လက်အောက်မှ လွတ်မြောက်သည်ဟု ပြောနိုင်ရုံမျှသာရှိသည့် လွတ်လပ်ရေးဖြစ်သည်။ တိုင်းတပါးသားတို့ ဖိနှိပ်အုပ်ချုပ်သကဲ့သို့သော အဖိနှိပ်ခံဘဝမှ လူတိုင်းစေ့ အမှန်တကယ် လွတ်မြောက်သေးသည် မဟုတ်။

အမှန်တကယ် မလွတ်လပ်သေးသည့် ပြဿနာပေါင်းများစွာက တိုင်းပြည်နှင့် လူမျိုးကို အဖက်ဖက်မှ ဆုတ်ယုတ် နစ်နာစေသည်။ မိမိတယောက်တည်း ကြီးပွားချမ်းသာရုံမျှဖြင့်၊ အာဏာပိုင်စိုးရုံမျှဖြင့် တိုင်းပြည်တခုလုံး ကောင်းမလာနိုင်သည်ကို ဆင်ခြင်သင့်ကြပြီ။

နယ်ချဲ့အင်္ဂလိပ်နှင့် ဖက်ဆစ်ဂျပန်တို့ကိုပင်  အမိမြန်မာပြည်မှ စည်းလုံးညီညွတ်စွာဖြင့် မောင်းထုတ်နိုင်ခဲ့သေးသည် မဟုတ်လော။ မိမိတို့လူမျိုးအချင်းချင်း မိမိတို့ ကိုယ်ပိုင်ပြဿနာကို ဘာကြောင့် မဖြေရှင်းပဲ နေရမည်နည်း။  မြန်မာနိုင်ငံသားတိုင်းပင် ယခု ၂၀၀၈ ခုနှစ်အတွင်း သမိုင်းတွင်မည့် အောင်မြင်မှုကို ရယူသင့်ကြပြီ။

မြန်မာနိုင်ငံအတွက် အဖြစ်ဆိုးတခုမှာ ကြိုးပမ်းအားထုတ်မှုများကို တာဝန်ရှိသူတို့က ရှုမြင်သုံးသပ်ပုံ၊ လက်ခံကျင့်သုံးပုံများ၌  ကွဲပြားနေသေးခြင်း ဖြစ်သည်။ အခြေခံအချက်များကို သဘောတူညီအောင် တယူသန်စိတ်မထားပဲ အမြော်အမြင်ကြီးကြီးဖြင့် တွေ့ဆုံဖြေရှင်းရန် လိုအပ်နေသည်။ တကိုယ်ကောင်းစိတ်များ ဖယ်ရှား၍ အများကောင်းကျိုးအတွက် ရှေ့ရှု ဦးတည်လိုက်ရုံဖြင့် ပြဿနာအားလုံး ပြေလည်သွားနိုင်သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံမခံရမီ လူထုတရပ်လုံးကို အမြော်အမြင် ကြီးမားစွာဖြင့် သတိပေးခဲ့ဖူးသည်။

"*လွတ်လပ်ရေး လိုချင်လျှင် လွတ်လပ်ရေးရတဲ့ စည်းကမ်း၊ ညီညွတ်မှုတွေကို ထိန်းသိမ်းထားကြပါ။ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလို လုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေး အရသာ ကိစ္စအတွက် အလုပ်လုပ်တဲ့နေရာမှာ စည်းကမ်းရှိဖို့၊ ပြင်ဆင်သင့်တာတွေ ပြင်ဆင်ဖို့ ခင်ဗျားတို့ စောက်ကျင့်တွေ ပြင်ဖို့ လိုနေပြီလို့ ကျနော် ပြောခဲ့မယ်။*"

လွတ်လပ်ရေး ရပြီး နှစ်ပေါင်းများစွာ ကြာလာသောအခါ လွတ်လပ်ရေး၏ တန်ဖိုးကို မေ့လျော့သူတို့ ရှိလာလေပြီ။ ဗိုလ်ချုပ်အောင်ဆန်း၏ အမှာစကားတို့ကိုလည်း သတိမရနိုင်ကြတော့ပြီ။ အထူးသဖြင့် နိုင်ငံတွင် တာဝန်ရှိသူတို့ ကိုယ်တိုင်က ဗိုလ်ချုပ် မှာခဲ့သည့်အတိုင်း မှန်ကန်စွာ ဦးဆောင်လမ်းပြရန် စဉ်းစားမိပုံမပေါ်။ *တိုင်းပြည်အရေးထက် ငါ့အရေးက ပိုကြီးတယ်* ဆိုသည့် အတ္တစိတ်များ ဖုံးလွှမ်းလာနေသည်။ တိုင်းပြည် ချောက်ထဲ ပြန်ကျဦးမည့် နိမိတ်လက္ခဏာ ဖြစ်သည်။

ယခု ၂၀၀၈ ခုနှစ်မှာ ပြန်ပြင်ရန် အချိန်မီနိုင်ပါသည်။ ဗိုလ်ချုပ် မှာခဲ့သလို ကျနော်တို့ စည်းကမ်းရှိရှိ စနစ်တကျ ပြန်လည်ပြင်ဆင်ရပါမည်။ ညီညွတ်မှုကို ပြန်လည်ထူထောင်ရပါမည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လမ်းညွှန်လိုက်သည့် **သက္ကရာဇ် ၂၀၀၈ - အမျိုးသား ပြန်လည်သင့်မြတ်ရေး နှစ်** ဆောင်ပုဒ်အတိုင်းပင် ဖြစ်တော့သည်။

လွင်အောင်စိုး
၂၀၀၈ ဇန်နဝါရီ (၅)ရက်